## ၁။ ဥဇ္ဇဂ္ဃိကဝဂ်

**ဥဇ္ဇဂ္ဃိက သိက္ခာပုဒ် ၂-ပါး။** ။ကိုရင် ဗုဒ္ဓရက္ခိတ .... မြို့တွင်း ရွာတွင်း၌ သွားသောအခါ ကျယ်လောင်စွာရယ်၍ မသွားရ၊ ထိုင်သောအခါလည်း ကျယ်လောင်စွာ ရယ်မနေရ၊ အကယ်၍ ရယ်စရာတွေ့ကြုံလျှင် ပြုံးရုံသာ ပြုံးရသည်၊ [ဥ=ကျယ်စွာ+ဇဂ္ဃိက=ရယ်ခြင်း။]

**အပ္ပသဒ္ဒသိက္ခာပုဒ် ၂-ပါး။** ။ကိုရင် ဗုဒ္ဓရက္ခိတ .... မြို့တွင်း ရွာတွင်း၌ သွားသောအခါ (အချို့လူတွေ ကျယ်လောင် ကျယ်လောင်နှင့် စကားပြောသလို)ရဟန်း သာမဏေ အချင်းချင်း အသံကျယ်စွာ မပြောရ၊ ထိုင်နေသောအခါလည်း အသံကျယ်စွာ စကားပြော၍ မနေရ၊ စကားပြောစရာကိစ္စရှိလျှင် အနီးအပါး ကြားလောက်ရုံသာ ပြောရသည်၊ တရားကိုကား အများကြားအောင် ဟောကောင်းပါ၏။ [အပ္ပ=တိုးသော+သဒ္ဒ အသံ။]

**ကာယပ္ပစာလကသိက္ခာပုဒ် ၂-ပါး။** ။ကိုရင် ဗုဒ္ဓရက္ခိတ .... မြို့တွင်း ရွာတွင်း၌ သွားသောအခါ ကိုယ်ကို လှုပ်၍ ယမ်း၍ မသွားရ၊ ထိုင်သော အခါလည်း ကိုယ်ကို မလှုပ်မယှက် ငြိမ်သက်စွာထား၍ ထိုင်ရသည်၊ "ကိုယ်"ဆိုသော်လည်း သွားတဲ့အခါ တကိုယ်လုံးကို မဆိုလို၊ အထက်ပိုင်းကိုယ်ကိုသာ ဆိုလိုသည်။ အောက်ပိုင်း ကိုယ်ကား လှုပ်လှုပ်ရှားရှား သွားနိုင်ပါသည်။ [ကာယ= ကိုယ်+ပစာလက=အမျိုးမျိုးလှုပ်စေ၍။]